# စည်ပင်သာယာရေး ဥပဒေ

# စည်ပင်သာယာရေး ဥပဒေ

[ ၁၉၈၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စည်ပင်သာယာရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော **ကော်မတီ** ဆိုသည့်စကားရပ်သည် စည်ပင်သာယာရေး ကော်မတီကို ဆိုသည်။

# အခန်း (၂)

## ဖွဲ့စည်းခြင်း

၃။ နိုင်ငံတော်ကောင်စီသည် မည်သည့်စည်ပင်သာယာရေး အဖွဲ့ကိုမဆို သီးခြားကော်မတီဖြင့် အစားထိုးဖွဲ့စည်းရန် သတ်မှတ်နိုင်သည်။

၄။ ဝန်ကြီးအဖွဲ့သည် ပုဒ်မ ၃ အရ သီးခြားဖွဲ့စည်းရန် သတ်မှတ်သော ကော်မတီကို သင့်လျော်သော နိုင်ငံသားများဖြင့် ဖွဲ့စည်းပေးရမည်။

၅။ (က) ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီရုံးစိုက်ရာမြို့၏ ကော်မတီတွင် သက်ဆိုင်ရာ ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် ကော်မတီဝင်အဖြစ် ပါဝင်ရမည်၊

(ခ) ပြည်နယ် သို့မဟုတ် တိုင်း ပြည်သူ့ကောင်စီ ရုံးစိုက်ရာ မြို့များမှအပ အခြားမြို့နယ်တွင် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် သက်ဆိုင်ရာ မြို့နယ် ကော်မတီ၏ ကော်မတီဝင်အဖြစ် ပါဝင်ရမည်။

၆။ ကော်မတီ၏ဥက္ကဋ္ဌကို ဝန်ကြီးအဖွဲ့က သတ်မှတ်ရမည်။

၇။ ဝန်ကြီးအဖွဲ့သည် ကော်မတီ၏ ဥက္ကဋ္ဌကို မြို့တော်ဝန် အဖြစ် သတ်မှတ်နိုင်သည်။

၈။ ကော်မတီ၏ဥက္ကဋ္ဌသည် ကော်မတီဝင်များထဲမှ သင့်လျော်သော ပုဂ္ဂိုလ်ကို အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးအဖြစ် သက်ဆိုင်ရာ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၉။ စည်ပင်သာယာရေးအဖွဲ့များကို ကြီးကြပ်ရန် ဝန်ကြီးအဖွဲ့သည် သင့်လျော်သော ဝန်ကြီးဌာနအား တာဝန်ပေးအပ်ရမည်။

၁၀။ ပုဒ်မ ၃ အရ သီးခြားကော်မတီဖွဲ့စည်းရမည့် စည်မင်သာယာရေး နယ်နိမိတ်ကို ဝန်ကြီးအဖွဲ့က သတ်မှတ်ရမည်။

၁၁။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များသည် ဝန်ကြီးအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

# အခန်း (၇)

## အထွေထွေ

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဝန်ကြီးအဖွဲ့သည် အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။